
Inya
Economics

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်အခြေပြုပါတီများ၏ ကတိကဝတ်များအား ထည့်သွင်းစဉ်းစားခြင်း



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee. | Kachin Committee. | Burmese Government.

Saohpalong of Tawngpeng State. | (Sinwa Naw, Myitkyina) |
Saohpalong of Yawnghwe State. | (Zau Rip, Myitkyina) |
Saohpalong of North Hsenwi State. | (Dinra Tang, Myitkyina) |
Saohpalong of Laihka State. | (Zau La, Bhamo.) |
Saohpalong of Mong Pawn State. | (Zau Lawn, Bhamo) |
Saohpalong of Hsamonghkam State. | (Labang Grong, Bhamo) |
Representative of Hsahtung Saohpalong.

Chin Committee.

(Khun Pung)
(U Tin E)
(U Htun Myint)
(U Kya Bu)
(Khun Saw)
(Sao Yape Hpa)
(Khun Htee)
(U Hlur Hmung, ATM, IDSM, K.S.M., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Mang, ATM, Haka)

## ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်အခြေပြုပါတီများ၏ ကတိကဝတ်များအား ထည့်သွင်းစဉ်းစားခြင်း

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ အဆိုပါရွေးကောက်ပွဲအတွက် ပြည်နယ်အခြေပြုပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာကတိကဝတ်များ၊ စဉ်းစားချက်များကို အောက်ဖော်ပြပါ ကဏ္ဍ အသီးသီးခွဲ၍ လေ့လာထားပါသည်။

- နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- စနစ်ပိုင်းဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- ဖက်ဒရယ်အရေးနှင့် ပြည်နယ်များ၏အခွင့်အရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- မြေယာအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်အမျိုးသား ပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူ) နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့ သည် လေ့လာမှုတွင်ပါဝင်ခဲ့သည့်ပါတီများဖြစ်သည်။

ထို့ပြင် ဤလေ့လာမှုတွင် ပါဝင်သော အချက်အလက်များသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလအထိ ပါတီခေါင်းဆောင်များ၊ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များအား အင်တာဗျူးမေးမြန်းရာမှ ရရှိသော သက်ဆိုင်ရာ ပါတီအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ မူဂ္ဂါဒများကို စုစည်းဖော်ပြထားခြင်းသာဖြစ်ပြီး အင်းလျားဘောဂ ဗေဒအဖွဲ့၏ အာဘော်များ မပါရှိပါကြောင်း တင်ပြအပ်ပါသည်။

## ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

### နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ရခိုင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပါတီ၏ မူဝါဒမှာ တန်းတူညီမျှပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုကြီး တည်ဆောက်ရေး ဖြစ်ပါသည်။
- ပြည်နယ်တွင် ပြည်နယ်သူ/သားများ လိုချင်သောဆန္ဒများကို ရေးသွင်းပြဋ္ဌာန်းထားသည့် ပြည်နယ်ဖွဲ့စည်း ပုံအခြေခံဥပဒေ ရှိရပါမည်။ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ အာဏာခွဲဝေကြသောအခါ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးမူများနှင့် ဆန့်ကျင်နေမှုများ မရှိစေရ။ တိုင်းရင်းသာပါတီအများစုသည် အဆိုပါမိုဒယ်အတိုင်း ဆောင်ရွက်ကြပါမည်။ ပါတီသည် ငြိမ်းချမ်းရေးကို လိုလားတောင့်တပါသည်။

- မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ပူးတွဲပြီးသော်လည်းကောင်း ချိတ်ဆက်ပြီးသော်လည်းကောင်း ဆောင်ရွက်သည့် ယဥ်ကျေးမှု မရှိသေးပါ။

- ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖယ်ဒရယ်စံနှုန်းများနှင့် မညီညွတ်သည့်အတွက် ပြင်ဆင်စရာ အများအပြား ရှိပါသည်။ သို့မဟုတ် အသစ် ရေးဆွဲရနိုင်ပါသည်။

**ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံ့ဝန်ထမ်းများအား ငွေကြေးလိုအပ်ချက် မရှိစေရန်နှင့် ပေးအပ်သော တာဝန်များအား ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် လစာ အများအပြား တိုးမြှင့်ပေးရမည်။

- တရားဥပဒေအထက်တွင် မည်သူမျှ မည်သည့်အဖွဲ့အစည်းမျှ ရှိမနေစေရ။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်လာပါက ဒေသခံများ၏ အကျိုးစီးပွားကို တိတိပပ ထိထိရောက်ရောက် ထည့်သွင်းစဉ်းစားစေချင်ပါသည်။ ဥပမာ - လုပ်ငန်းဆောင်ရွက်မှုတွင် ပါဝင်သော လုပ်သားများတွင် အနည်းဆုံး ပါဝင်ရမည့် ဒေသခံလုပ်သားရာခိုင်နှုန်း၊ ဒေသခံလုပ်သားများ မသိမတတ်သည်များကို စွမ်းရည်ဖြည့်ဆည်းပေးသည့် အစီအမံများ။ ဖြစ်နိုင်လျှင် ပါတီသည် ဤအချက်များအတွက် ရွေးကောက်ပွဲကတိကဝတ်အဖြစ် ပြည်သူလူထုအား ပေးအပ်ချင်ပါသည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီသည် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အသိအမှတ်ပြု လက်ခံပါသည်။ ပျောက်ကွယ်သွား နိုင်သော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ၎င်းတို့ ပိုင်ဆိုင်သော ယဉ်းကျေးမှုဓလေ့ထုံးစံများကို နိုင်ငံတော်က အထူး ကာကွယ်စောင့်ရှောက်ပေးရမည်။ ပါတီသည် မတူညီမှု ဝါ အရောင်အသွေး စုံလင်မှုကို အားပေးထောက်ခံပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ပြည်ထောင်စုအစိုးရ၏ အာဏာအောက်တွင် တည်ရှိပါသည်။ ပြည်နယ်အဆင့်ဆိုလျှင် စီးပွားရေးအရနှင့် လူဝင်မှုကြီးကြပ်ေရးအရ ဆက်နွယ်မှုသာ ရှိပါမည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- သဘာဝပတ်ဝန်းကျင်အရေးသည် အရေးကြီးကြောင်း ပါတီက လက်ခံပါသည်။ သက်ဆိုင်ရာမူဝါဒများ ပါတီတွင် ချမှတ်ပြီး ဖြစ်ပါသည်။ သို့သော် အရေးပါမှုချင်း နှိုင်းယှဉ်သော် သဘာဝပတ်ဝန်းကျင်အရေးသည် ရှေ့တန်းတွင် မရှိသေးပါ။

## ရခိုင်အမျိုးသားပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ မူဝါဒမှာ ရခိုင်ပြည်နယ်တွင် ဆုံးရှုံးနေသော ကိုယ်ပိုင်ပြဌာန်းခွင့်များကို ပြန်လည်ရယူပြီး စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး ဖြစ်ပါသည်။

- ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖယ်ဒရယ်စံနှုန်းများနှင့် အညီ ဒီမိုကရေစီစံနှုန်းများနှင့် အညီ ပြန်လည်ပြင်ဆင်သွားပါမည်။

- အဓိကပြင်ဆင်ရမည့် အခြေခံဥပဒေပုဒ်မမှာ ပုဒ်မ ၂၆၁ ဖြစ်ပါသည်။

- နောက်ထပ်ပြင်ဆင်ရမည့် ပုဒ်မမှာ ပုဒ်မ ၉၅(ခ)၊ ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရသည့် ထိုပုဒ်မသည် လွှတ်တော်နှစ်ရပ် အာဏာတူ ဖြစ်သည် ဆိုခြင်းနှင့် ဗီလာဆန့်ကျင်နေပါသည်။

- လွှတ်တော်ကိုယ်စားလှယ်များသည် မိမိကိုယ်စားပြုသည့် နယ်မြေတွင် ဆုံးရှုံးနေသည့် အခွင့်အရေး များအား လွှတ်တော်နိုင်ငံရေးနည်းလမ်းအရ အစွမ်းကုန်ကြိုးစားရပါမည်။

- ဖယ်ဒရယ်အသွင်အပြင်များ ရှိရန် ပြည်ထောင်စုအရေးနှင့် တိုင်းရင်းသားအရေးများ ဆွေးနွေးဆုံးဖြတ် ရသည့်အခါ အမျိုးသားလွှတ်တော်သည် အထူးအခွင့်အရေး ရှိရန် လိုအပ်ပါသည်။ လွှတ်တော်များ ဒီမိုကရေစီစံနှုန်းနှင့် ညီရန်မူ ခန့်အပ်ခံ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုကို ပြောင်းလဲရန် လိုအပ်ပါသည်။

- ပါတီသည် ပြည်နယ်တွင် အဓိက ဝင်ပြိုင်သောပါတီ ဖြစ်ပါသည်။ ပြည်နယ်အစိုးရအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ပင်မရှိရာ စာသင်ကျောင်းအဆောင်တစ်ဆောင် ဆောက်ရန်ပင် လွှတ်တော်တွင် တင်ပြတောင်းဆိုနေရပါသည်။ နိုင်ငံတွင် အုပ်ချုပ်နေသည့်စနစ်ပုံစံ၊ ဗဟိုကချုပ်ကိုင်သည့်ပုံစံကို အရင်ပြောင်းလဲရပေမည်။ ဤအပြောင်းအလဲ ပြီးမြောက်ပါမှ ပညာရေး၊ ကျန်းမာရေး မည်သို့ လုပ်ကိုင်ကြမည်ကို ဆက်လက်လုပ်ကိုင်နိုင်ပါမည်။ ရခိုင်ပြည်နယ်ကို ဆုံးရှုံးနေသော အခွင့်အရေးများကို ရရှိရန် နိုင်ငံရေးစနစ် အပြောင်းအလဲ ဖြစ်ရန် လိုအပ်ပါသည်။

- ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနိုင်သောပါတီက ဖွဲ့သည့်အစိုးရက ဖွဲ့ထားသည့်အတွက် မည်မျှ လွတ်လပ်ပါသနည်း။ ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်၏ သမာသမတ်ကျမှုသည် မေးခွန်းထုတ်စရာ ဖြစ်ပါသည်။

- ပါတီသည် ရန်ပုံငွေအခက်အခဲ ရှိပါသည်။ နိုင်ငံရေးပါတီများကို ဘက်ဂျက်ခွဲပေးရန် ယခင်ကော်မရှင်လက်ထက်ကတည်းက တင်ပြဖူးပါသည်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန် လိုလားသည်ဆိုလျှင် ထောက်ပံ့ငွေ ပေးရန် လိုအပ်ပါသည်။

- ပါတီတွင် မူဝါဒလေးရပ်ရှိပါသည်။ ၁၊ ရခိုင်ပြည်နယ်နှင့် ရခိုင်လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ၂၊ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူ အခွင့်အရေး ရရှိရန် ၃၊ ဒီမိုကရေစီစနစ် ၄၊ စစ်မှန်သော ဖယ်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်ရေး တို့ ဖြစ်ပါသည်၊ ဒီမိုကရေစီယဉ်ကျေးမှု ခိုင်မာအောင် ပြင်ဆင်တည်ဆောက်ရပါဦးမည်။

- နိုင်ငံတည်ဆောက်ရေးအကြောင်း သိသူများ လိုအပ်လာပါပြီ။ လက်နက်အားကိုးသော အလေ့အကျင့် တည်ရှိနေခြင်းကြောင့် နိုင်ငံတည်ဆောက်၍ မရ ဖြစ်နေရပါသည်။ နိုင်ငံတည်ဆောက်သူများသည် နိုင်ငံအား မည်သို့ တည်ဆောက်ကြမည်ကို ဂရုဓမ္မထား စဉ်းစားရန် လိုအပ်လာပါပြီ။ NLDပါတီ အခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းသောအခါ ပုဒ်မ ၂၆၁သည် ပြင်ဆင်ရန် မပါလာသည်ကို ထောက်ရှုလျက် တိုင်းရင်းသားအခွင့်အရေးအတွက် တိုင်းရင်းသားများ ပြောပါလိမ့်မည်ဟု အနက်ထွက်နေပါသည်။

- အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲမည်ဆိုလျှင် စနစ်ကောင်းခြင်း မကောင်းခြင်းထက် မဲဆန္ဒရှင် ပညာပေးအတွက် မည်သူတွေ တာဝန်ယူကြမည်နည်း။ အားကောင်းသောအစိုးရသည် မြန်မာ့နိုင်ငံရေးခရီးရှည်အတွက် လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ သို့သော် အချိုးကျကိုယ်စားပြုစနစ်သည် အားကောင်းသောအစိုးရကို အာမခံချက်

မပေးနိုင်ပါ။ နောက်တစ်ချက်မှာ ယင်းစနစ်သည် မဲဆန္ဒနယ်မြေရှိ ကိုယ်စားလှယ်နဲ့ ပြည်သူတို့၏ ဆက်နွယ်မှု ပျောက်ဆုံးစေပြီး ပြည်သူတို့သည် အရေးကြီးသော မည်သူ့ကို တင်ပြရမည်ဆိုသည်မှာ အခက်အခဲတစ်ခု ဖြစ်ပါသည်။ ယင်းစနစ်ေပြာင်းပါက လွှတ်တော်ထဲတွင် နိုင်ငံသားမဟုတ်သူများ ရောက်လာမည်ကိုလည်း ပါတီက စိုးရိမ်ပါသည်။ အထက်ပါအချက်များကို ထည့်သွင်းစဉ်းစားပြီးမှ အချိုးကျကိုယ်စားပြုစနစ် ပြောင်း/မပြောင်း ဆုံးဖြတ်စေချင်ပါသည်။

## နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ နိုင်ငံအတွက် ရေရှည်အကျိုးရှိသော လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒ ဖြစ်ပါသည်။ ပြည်သူများအတွက် အကျိုးအမြတ် ပိုများစေရန်နှင့် နိုင်ငံတကာအဆင့်တွင် ပိုပြီး တန်ဖိုးထားရသော နိုင်ငံ ဖြစ်လာစေရန် နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အပြောင်းအလဲ ပြုရပါမည်။
- အိမ်နီးချင်းနိုင်ငံများနှင့်သာမက ပြင်ပကမ္ဘာကပါ လေးစားချစ်ကြည်မှု ရရှိရန် ရည်ရွယ်ပါသည်။ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော နိုင်ငံ ဖြစ်လာစေရန် နိုင်ငံခြားရေးမူဝါဒများကို ရှာဖွေ ဖော်ထုတ် ကျင့်သုံးရန် လိုအပ်ပါသည်။

## မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ဒေသခံများသည် သူတို့၏ လယ်ယာများ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် သဘာဝသယံဇာတများအား ရပိုင်ခွင့် ရှိသင့်ပါသည်။ အဆိုပါအခွင့်အရေးများအား လိုလားသဖြင့် လိုအပ်သဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရန် ဆန္ဒပြင်းပြခြင်း ဖြစ်ပါသည်။ ဖယ်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ထောင်ရန် ဆန္ဒပြင်းပြခြင်း ဖြစ်ပါသည်။

# ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

ပါတီ၏ ပထမရည်မှန်းချက်မှာ ချင်းအမျိုးသားရေး ဖြစ်ပါသည်။ ချင်းဘာသာစကား၊ ချင်းယဉ်ကျေးမှု၊ ချင်းဓလေ့ထုံးတမ်းဥပဒေများ ထိန်းသိမ်းမြှင့်တင်ရေးနှင့် ချင်းဓလေ့ထုံးတမ်းပိုင်မြေများ အကာအကွယ်ပေး သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းကို ဦးစားပေးပါမည်။ ပါတီ၏ ဒုတိယရည်မှန်းချက်မှာ ချင်းဒေသဖွံ့ဖြိုးရေး ဖြစ်ပါသည်။ ရေရှည်အကျိုးရှိပြီး မရှိမဖြစ်လိုအပ်သော လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ က အဓိက ဖြစ်ပါသည်။

## ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

ချင်းအမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းမြှင့်တင်ရေး၊ ကျန်းမာရေး ပညာရေးဆိုင်ရာကဏ္ဍနှင့် ဖွံ့ဖြိုးရေးတွင် ချင်းယဉ်ကျေးမှု၊ ချင်းဓလေ့ထုံးတမ်းနှင့် ညီညွတ် သင့်တင့် လျောက်ပတ်သော မူဝါဒများနှင့် ရေရှည်တည်တံ့မည့် မူဝါဒများအား ရေးဆွဲနေပါသည်။

## တရားဥပဒေစိုးမိုးရေးနှင့် တရားရေးကဏ္ဍပြုပြင် ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

ယခုအခါ တရားဥပဒေစိုးမိုးရေးသည် နေရာအနှံ့ ကျဆင်းနေပါသည်။ ရဲတပ်ဖွဲ့၊ ဥပဒေရုံးနှင့် တရားရုံးများးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အားကောင်းစေရန် အုပ်ချုပ်မှုပုံစံ ပြုပြင်ပြောင်းလဲရပါမည်။ အင်္ဂလိပ်ခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် ပြည့်စုံကောင်းမွန်ပြီး ဖြစ်ပါသည်။ တာဝန်ရှိသူများသာ လိုက်နာကျင့်သုံးမှု အားနည်းခြင်းကြောင့် ကွပ်ကဲမှုနှင့် အရေးယူမှု အပါအဝင် အုပ်ချုပ်မှုပုံစံအား ပြုပြင်ပြောင်းလဲရပါမည်။ တရားစီရင်ရေးမှုများအား တိကျစွာ လိုက်နာရန် တရားသူကြီးများ အား စီမံခန့်ခွဲပုံ ပြုပြင်ပြောင်းလဲရပါမည်။

## စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်နိုင်မှ စနစ် ပြုပြင်ပြောင်းလဲနိုင်မည်။ အခြေခံဥပဒေပြင်ဆင်သောအခါ အချက် (၃) ချက်ကို အခြေခံပြီးပြင်ဆင်ရပါမည်။ ပင်လုံအကြိုသဘောတူညီချက်၊ ကတိကဝတ်များနှင့် ပင်လုံစာချုပ်ပါသဘောတူညီချက်များ ဖြစ်သည့်

(၁) အမျိုးသားတန်းတူရေး

(၂) ပြည်နယ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး

(၃) စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စု စနစ်တည်ဆောက်ရေးတို့ကို စံထား ပြုပြင်ရန် လိုအပ်ပါသည်။

(၁) အမျိုးသားတန်းတူရေး ရရှိရန် ဗမာတိုင်းရင်းသားများဒေသကို တိုင်း(၇)တိုင်းအစား ဗမာပြည်နယ်အဖြစ်သာ သတ်မှတ်ဖွဲ့စည်းရပါမည်။ အမျိုးသားလွှတ်တော်တွင် ပြည်နယ်များအလိုက် ကိုယ်စားလှယ်ဦးရေ ညီမျှစွာ စေလွှတ်ရပါမည်။ လက်ရှိအခြေအနေသည် ပင်လုံသဘောတူညီချက်များနှင့် ကွဲလွဲနေပါသည်။ ပြည်သူ့လွှတ်တော်တွင် ဗမာတိုင်းရင်းသားအရေအတွက်သည် သုံးပုံနှစ်ပုံ အသာစီးရပြီး ဖြစ်သောကြောင့် အမျိုးသားလွှတ်တော်တွင် ပြန်လည်ထိန်းကျောင်းရန် လိုအပ်ပါသည်။ အမျိုးသားလွှတ်တော်၏ အခန်းကဏ္ဍ မပျောက်ဆုံးစေရန် ပြည်ထောင်စုလွှတ်တော်အား ဖျက်သိမ်းရပါမည်။

(၂) ပြည်နယ်နှင့်တိုင်းေဒသကြီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် လိုအပ်ပါသည်။ ပြည်ထောင်စုသမ္မတက ပြည်နယ်ဝန်ကြီးချုပ်အား စိတ်ကြိုက်ရွေးချယ်ခန့်ထားခွင့် ရှိသည်ဆိုသော အခြေခံဥပဒေပုဒ်မ ၂၆၁သည် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဖျက်ဆီးခြင်း ဖြစ်ပါသည်။ တစ်ဖန် ပြည်နယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းရာတွင် ပြည်ထောင်စုဥပဒေအောက်က ပြဋ္ဌာန်းရခြင်းနှင့် ပြည်နယ်၏ လုပ်ပိုင်ခွင့်နည်ပါးခြင်းသည် ပင်လုံစာချုပ်နှင့် ကတိကဝတ်များကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပုဒ်မ ၂၆၁ အပါအဝင် ဥပဒေပြုစာရင်းများအား ပြည်နယ်များ၏ ပြဋ္ဌာန်းပိုင်ခွင့် ဖြစ်အောင် ပြင်ဆင်ရန် လိုအပ်ပါသည်။

(၃) လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရသည် လုပ်ပိုင်ခွင့်အားလုံးနီးပါး ရယူထားပါသည်။ ထို့အပြင် ပုဒ်မ ၉၈၊ ၉၉အရ ကြွင်းကျန်အာဏာကို ပြည်ထောင်စုအဆင့်က ရယူထားပြန်ပါသည်။ ထို့ကြောင့် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ပြည်ထောင်စနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် တောင်တန်းဒေသခေါင်းဆောင်များသည် နယ်ခြားဒေသ စုံစမ်းစစ်ဆေးရေးကော်မတီမှတဆင့် တင်ပြသည်မှာ နိုင်ငံတကာရေးရာ၊ ကာကွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ ဆက်သွယ်ရေး၊ အကောက်ခွန်နှင့် ဘွဲ့ထူးဂုဏ်ထူးများကို ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် ဖြစ်ပါသည်။ ကျန်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အခြေခံဥပဒေခုံရုံး၊ ရွေးကောက်ပွဲကော်မရှင်တို့ ဖွဲ့စည်းရာမှာ ဗမာတိုင်းရင်းသားများ အားလုံးလွှမ်းမိုးထားသည်ကိုလည်း ပြင်ဆင်ရန် လိုအပ်ပါသည်။ ပြည်နယ်တစ်ပြည်နယ်စီမှ အနည်းဆုံး တစ်ဦးစီ ပါဝင်ေသာ ဖွဲ့စည်းပုံမျိုးနှင့် ပြုပြင်ပြောင်းလဲရပါမည်။ နောက်ဆုံးချုပ်ပြောရလျှင် အခြေခံဥပဒေပြင်ဆင်မှသာလျှင် စနစ်ပြင်ဆင်နိုင်ပါလိမ့်မည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

ချင်းပြည်နယ်မှာ သဘာဝသယံဇာတထွက်ရှိမှုနည်းပါးပါသည်။ သာယာလှပသော ရှုခင်းများ၊ သဘာဝသယံဇာတတောတောင်များ၊ ရေတံခွန်နှင့် သားရဲတိရိစ္ဆာန် ကျေးငှက်များအား ကာကွယ် စောင့်ရှောက်ပြီး ကမ္ဘာလှည့် ခရီးသည်များ သွားလာရေးလုပ်ငန်း( ခရီးသွားလုပ်ငန်း)အား တိုးချဲ့ အကောင်အထည်ဖော်ရပါမည်။ နယ်စပ်ကုန်သွယ်မှုနှင့် ဒေသထွက် ဝဥ စိုက်ပျိုးရေးလုပ်ငန်း၊ ကော်ဖီ/လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းစေရန်၊

စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲ နိုင်အောင် စီမံဆောင်ရွက်ပါမည်။ တောင်သူများကို ချေငွေထုတ်ချေးခြင်းအပါအဝင်၊ နွားနောက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ပါမည်။

**လူမှုရေးဆိုင်ရာရွေးကောက်ပွဲကတိကဝတ်များ**

ချင်းအမျိုးသားရေးအတွက် အထူးလိုအပ်သော ပေါ်လစီ၊ ချင်းလူမျိုးများ ခေတ်အဆက်ဆက်က ဆုံးရှုံးလက်လွှတ်ခဲ့ရသော နစ်နာမှုများကို ကုသပေးနိုင်မည့် ပေါ်လစီကို ဦးစားပေးရေးဆွဲထားပါသည်။ အခြားပြည်မပါတီများက ေရးဆွဲထားခြင်းမရှိသည့် ေပါ်လစီကို အလေးထားရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံခြားရေးရာမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာရွေးကောက်ပွဲကတိကဝတ်များ**

နိုင်ငံခြားရေးမူဝါဒသည် ပြည်ထောင်စု၏ မူဝါဒနှင့်အညီ ဖြစ်ရပါမည်။ သို့သော် နယ်စပ်ကုန်သွယ်ရေးနှင့် ဆိုင်သော မူဝါဒကို ချင်းပြည်နယ်အစိုးရက လွတ်လပ်စွာ ကိုင်တွယ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပါမည်။

## ကရင်အမျိုးသားပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြီးနောက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ပြန်လည်တည်ဆောက်ပါမည်။ ပါတီသည် UNA အဖွဲ့ဝင် ဖြစ်သည့်အတွက် အခြေခံဥပဒေပြင်ဆင်ရေးသည် ပါတီနှင့် ပါတီ၏မဟာမိတ်များ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စ ဖြစ်ပါသည်။
- ပြည်တွင်းငြိမ်းချမ်းရေး မရသေးသမျှ မည်သို့မျှ မတိုးတက်နိုင်ဟု ပါတီက ယုံကြည်ပါသည်။
- တရားရေးကဏ္ဍပြုပြင်ပြောင်းလဲရန်အတွက် ပါတီကိုယ်စားလှယ်များ လွှတ်တော်ထဲ ေရာက်ပါက အဆိုတင်သွင်း ကြိုးစားပါမည်။ .
- ပါတီသည် ရပ်ကျေးအဆင့် အုပ်ချုပ်ရေးအား ပြည်သူက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် စနစ်သို့ ပြောင်းလဲချင်ပါသည်။
- အစိုးရ လက်လှမ်းမမှီသောနေရာဒေသများတွင် အရပ်ဘက်အဖွဲ့အစည်းများက ဝင်ရောက် လုပ်ကိုင်ခြင်းကို အားပေးရန် လိုအပ်ပါသည်။
- ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကြားလူသပ်သပ်သာ ဖြစ်ရပါမည်။

**ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူ့ကျန်းမာရေးစနစ်အား နိုင်ငံတော်က တာဝန်ယူပါက ပိုမိုကောင်းမွန်ပါမည်။ ထိုသို့ တာဝန်ယူနိုင်ရန် ရသင့်ရထိုက်သော အခွန်ငွေ မရှိဘဲ မဖြစ်နိုင်ပါ။
- ပညာရေးတွင် မိခင်ဘာသာနှင့် သင်ကြားသောစနစ်ကို ပါတီက အားပေးပါသည်။
- လုပ်ငန်းလုပ်သောဒေသများတွင် ဒေသခံများအတွက် စွန့်ပစ်ပစ္စည်း အပါအဝင် လူမှုဘဝလုံခြုံရေးအထိ ပညာရေး၊ ကျန်းမာရေးအပါအဂင် စဉ်းစားပေးရန် လိုအပ်ပါသည်။

**တရားဥပဒေစိုးမိုးမှုနှင့် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- တရားဥပဒေ စိုးမိုးမှု ရှိဖို့ လိုအပ်ပါသည်။

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် စတုတ္ထမဏ္ဍိုင် အားကောင်းရန် လိုအပ်ပါသည်။ လွတ်လပ်စွာ ထုတ်ဖောင်ပြောဆိုခွင့် မရှိပါက ဝါ အားနည်းသွားပါက အာဏာရှင်စနစ်ဆီသို့ ပြန်လည် ဦးတည်သွားပါမည်။

- ဌာနဆိုင်ရာ ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုများအား ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- စိုက်ပျိုးရေးတွင် နည်းပညာသစ်များ၊ စက်ယန္တရားများ အသုံးပြုပြီး ထွက်နှုန်း တိုးတက်စေရန် လိုအပ်ပါသည်။ ဈေးကွက်ဝင်နိုင်မည့် စိုက်ပျိုးသီးနှံများ ဖော်ထုတ်ပေးရေးနှင့် စိုက်ပျိုးသီးနှံများအား ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အကူအညီပေးရန်လည်း အရေးကြီးပါသည်။

- ပြည်သူ့ဝန်ဆောင်မှုများကို လူထုဆီသို့ ပြည့်ပြည့်ဝဝ ပြဋ္ဌာန်းနိုင်ရန် အစိုးရသည် လုံလောက်သော အခွန်အခရငွေများ ရှိရန် အရေးပါပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မည်သည့်နိုင်ငံကြီး၏ သြဇာခံ မဖြစ်သည်မှာ အကောင်းဆုံးဟု ပါတီက ယုံကြည်လက်ခံပါသည်။ ပြည်တွင်းစစ် ချုပ်ငြိမ်းသွားပြီး အင်အားပြည့်ဖြိုးလာပါက နိုင်ငံကြီးများအား ကြောက်စရာ မလိုအပ်တော့ပါ။ အခုနောက်ပိုင်း ပြည်တွင်းစစ်သည် တိုင်းရင်းသားအမှတ်သရုပ်လက္ခဏာထက် နိုင်ငံကြီးများ၏ သြဇာသက်ရောက်မှုကြောင့် ပြည်တွင်းစစ် သက်တမ်းရှည်ကြာနေရပါသည်။

- ပါတီသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံသဘောတူပါသည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြေသိမ်းခြင်းခံရခြင်းကြောင့် နစ်နာသွားသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူ)

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ ပထမဦးစားပေးမူဝါဒမှာ ရှမ်းပြည်နယ်ငြိမ်းချမ်းရေး ဖြစ်ပါသည်။

- အခြေခံဥပဒေအရ သယံဇာတခွဲဝေရေးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အစိုးရများတွင် လုပ်ပိုင်ခွင့် မရှိပါ။ အချို့အရာများ (ဥပမာ - ထင်းရှူးဆီ) သည် အခြေခံဥပဒေ နောက်ဆက်တွဲ ဇယား ၅တွင် ပြဋ္ဌာန်းထားပါလျက် ပြည်ထောင်စုအဆင့်က အထူးသစ် ဆိုပြီး ပြဋ္ဌာန်းထားသည့်အတွက် ပြည်နယ်အဆင့်တွင် လုပ်ပိုင်ခွင့် မရှိပါဘဲ ပြည်ထောင်စုကသာ အုပ်ချုပ်စီမံပါသည်။ ပြည်နယ်လုပ်ပိုင်ခွင့်သည် ဝါး၊ ခနဲလောက်သာ ကျန်ပါတော့သည်။

- အခြေခံဥပဒေ ဇယား၁မှနေပြီး ဇယား၂သို့ ပြောင်းလဲအောင် ဆောင်ရွက်ရပါမည်။ အခြေခံဥပဒေ ပြင်ဆင်ရပါမည်၊ ဖယ်ဒရယ်စနစ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဖြစ်ပါသည်။ အခွန်ခွဲဝေရေး၊ သယံဇာတခွဲဝေရေး

ရှိရပါမည်။ မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေး၏ ၅၀ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်မှ တဆင့် ဖြတ်သန်းသွားခြင်း ဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်ရေးမှ ကောက်ခံရရှိသော အခွန်ရငွေ၏ အစိတ်အပိုင်းတစ်ရပ်ကို ရှမ်းပြည်နယ်က ခံစားခွင့် ရှိပါသည်။ လောလောဆယ် ပြည်ထောင်စုအဆင့်ကသာ အကုန်ရယူထားပါသည်။

- ပါတီကိုယ်စားလှယ်များ လွှတ်တော်ထဲ ရောက်သွားပါက ပုဒ်မ ၂၆၁ကို ပြင်ဆင်ပါမည်။ ဇယား၁မှ ဇယား၂သို့ လုပ်ပိုင်ခွင့်များ ပြောင်းအောင် ဆောင်ရွက်ပါမည်။ ဇယား၅အား တိတိကျကျ ဖြစ်စေရန် ဆောင်ရွက်ပါမည်။
- ပြည်နယ်တွင် အများဆုံး အနိုင်ရသော ပါတီက ပြည်နယ်အစိုးရ ဖွဲ့သင့်သည်ဟု ပါတီက ယုံကြည်ပါသည်။

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်နိုင်ငံလုံး လျှပ်စစ်မီးလုံလုံလောက်လောက် ရရှိရေး
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူလူထုများ စီးပွားရေး ချောင်လည်ရမည်။ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးပေးပါမည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းစေရန် ဆောင်ရွက်ပါမည်။
- ယခု ရှမ်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ မရသေးပါ။ ရှမ်းပြည်နယ် မီးလင်းရပါမည်။
- ရှမ်းပြည်နယ်၏ ၇၀ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကို မှီခိုနေရသည်။ စိုက်ပျိုးရေး ထွက်ကုန်များအား သင့်တင့်လျောက်ပတ်သော ဈေးနှုန်း ရရှိစေရန် ဆောင်ရွက်ပေးရပါမည်။ စိုက်ပျိုးရေးအာမခံများ ဖန်တီးပေးရပါမည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပညာရေးစနစ် ကောင်းမွန်စေရန် ဆောင်ရွက်ရပါမည်။ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးပေးရပါမည်။
- လယ်သမားများ၊ အလုပ်သမားများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ရပါမည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံတကာဆက်ဆံရေးတွင် အိမ်နီးချင်းနိုင်ငံများသာမက တကမ္ဘာလုံးနှင့်ပါ ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံပါမည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- သိမ်းယူထားသောမြေများကို မူလပိုင်ရှင်အား ချက်ချင်းပြန်ပေးရန်။

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ ပထမဦးစားပေးမူဝါဒမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဖြစ်ပါသည်။ ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲမဲဆွယ်ဆောင်ပုဒ်မှာလည်း "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့အတွက် SNLD ကို မဲပေးစို့" ဖြစ်ပါသည်။ အခြေခံဥပဒေပြင်ဆင်ရေး ၄၅ဦးကော်မတီထဲတွင် ပါတီကိုယ်စားပြု နှစ်ဦး ပါရှိပါသည်။ ပါတီ၏ အခြေခံဥပဒေပြင်ဆင်ရန် တင်ပြချက်မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်က ရွေးချယ်ခွင့် ရမည့် အချက်အပါအဝင် အချက်ပေါင်း ၁၀၀၀ ကျော် ပါပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် ပါတီသည် ပြည်သူလူထုကို ပေးအပ်ထားခဲ့သည့် ကတိအတိုင်း မည်သို့ပြင်ပြင် ရာနှုန်းပြည့် ပူးပေါင်း ပါဝင်ခဲ့ပါသည်။

- အခြေခံဥပဒေ ပြင်ဆင်ရန် တင်ပြသည့်အချက်များအနက် တစ်ချက်မှာ "ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဌာနရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အစိုးရ၏ အထွေထွေအတွင်းရေးမှူး ဖြစ်သည်"။ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံဝန်ထမ်းသာလျှင် ဖြစ်ရပါမည်။

- မြန်မာပြည်တွင် မဖြစ်မနေ ဆောင်ရွက်ရမည်မှာ ငြိမ်းချမ်းရေး ဖြစ်ပါသည်။ ပါတီ၏ ရပ်တည်ချက်မှာ အားလုံး ပါဝင်ရေးမူ ဖြစ်ပါသည်၊ တစ်ဘက်သက် ဆွေးနွေးခြင်းမျိုး မဖြစ်ရ။ ပါတီ၏ တွဲဖက် အထွေထွေအတွင်းရေးမှူး (၂) သည် UPDJC အတွင်းရေးမှူးဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်အား ပါတီသည် ကောင်းစွာ သိရှိနားလည်ပါသည်။ မြန်မာပြည်တွင် လက်နက်ကိုင်အင်အား များပြားလွန်းသဖြင့် ဒီမိုကရေစီ တစ်ခုတည်း လုပ်၍ မရနိုင်ပါ။

- ပြည်ထောင်စုဟု ဆိုလျှင် ပါတီသည် ပုံသေကူးချခြင်းကို အားမပေးပါ။ အားလုံးပါဝင်ပြီး မည်သို့ ခရီးဆက်ကြမည် ဆိုသည်ကို ဆွေးနွေးစေချင်ပါသည်။ ပါတီသည် ပြည်ထောင်စုစစ်စစ်မှုကိုသာ ဦးတည်ပါမည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီက သွားချင်သော ပြည်ထောင်စုစနစ်တွင် ပြည်နယ်အစိုးရများသည် ကိုယ်ပိုင် လုံလောက်သော ဝင်ငွေရင်းမြစ် ရှိရန် လိုအပ်ပါသည်။ လုံလောက်သော ကိုယ်ပိုင် ဝင်ငွေရင်းမြစ် ရှိပါမှ ပြည်နယ်အစိုးရသည် လွတ်လွတ်လပ်လပ် ရပ်တည်နိုင်ပါလိမ့်မည်။ ယခုအခါ ပြည်ထောင်စုအဆင့်က လွှဲပြောင်းပေးအပ်သော ထောက်ပံ့ငွေများသည် အမှန်စင်စစ် ပြည်နယ်အစိုးရ ရာထားသည်များ ဖြစ်ပါသည်။ ပါတီက ဖြစ်စေချင်သည်မှာ ပြည်နယ်က ရသည့် အခွန်အခငွေများအား ပြည်နယ်မှာခံစားခွင့် ရအောင် အသုံးပြုခြင်းဖြင့် ပြည်နယ်နေပြည်သူများအတွက် ဘဏ္ဍာရေးမူဝါဒမှာ ပိုမို ထိရောက်ပါသည်။

- ရှမ်းပြည်နယ်က ထွက်သော စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်ပြည်သို့ သွားရောင်းရသည့်အခါ ဈေးအဆမတန် နှိမ်ခံရပါသည်။ ထို့ကြောင့် ပါတီသည် တရုတ်နိုင်ငံတစ်နိုင်ငံတည်းကိုပဲ မှီခိုရောင်းချခြင်းထက် အခြားသော ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်နိုင်ရန် စဉ်းစားနေပါသည်။

## လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- လိင်ခံယူမှုတွင် ကျားမ တင်မဟုတ်ဘဲ အခြားသောလိင်ခံယူမှုအမြင်မျိုးစုံကိုပါ ပါတီက လူမှုရေးမူဝါဒတွင် ထည့်သွင်းစဉ်းစားပါသည်။

- ရှမ်းပြည်နယ်တွင် လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင် အခွင့်လမ်း နည်းပါးလာသည်။ ထိုလူငယ်များအတွက် အခွင့်အလမ်းများ မည်သို့ ဖန်တီးမည်နည်း။ ထို့အပြင် အလုပ်အကိုင်၊ စစ်၊ နိုင်ငံရေး၊ ပညာရေး အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာနေရသော ရှမ်းလူငယ်များအတွက် လုပ်ခလစာကို မည်သို့ မြှင့်တင်မည်နည်း ဆိုသည်ကို မူဝါဒခင်းကျင်းရန် ပါတီအနေနှင့် လုပ်ကိုင်နေဆဲဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- စစ်ဘေးရှောင်စခန်းရောက် ပြည်သူများ၏ ကျန်းမာရေးနှင့် ပညာရေးအား ပါတီက စဉ်းစားနေပါသည်။ ကျန်းမာရေးဆိုရာတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးအား ပါတီက ဂရုတစိုက် စဉ်းစားပါသည်။
- ပါတီသည် Universal Health Care ကို အားပေးထောက်ခံပါသည်။ ပါတီသည် မိခင်နှင့် ကလေးများကို စူးစိုက်ပြီး လေ့လာနေပါသည်။ မိခင်နှင့် ကလေးသေနှုန်း ကျဆင်းသွားစေရန် ပါတီသည် ကြိုးပမ်း အားထုတ်နေပါသည်။ ရှမ်းပြည်နယ်ရှိ မိခင်နှင့် ကလေးများ ခံစားနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုကို အရှေ့တောင်အာရှအဆင့်အတန်းနှင့်အညီ ပါတီက ခံစားစေချင်ပါသည်။
- မူးယစ်ဆေးဝါးအရေးတွင် ပါတီသည် ပြန်လည်ထူထောင်ရေးဘက်ကို ပိုမိုအားပြုပါသည်။ ဆေးပြားတစ်ပြားနှစ်ပြားေတွ့ရုံဖြင့် ထောင်ကျနိုင်သည်။ ဘိန်းစိုက်တောင်သူများသည်လည်း ဘာမှ ရသည်မဟုတ်။ ထောင်ကျပြီး ပြန်ထွက်လာသူများကို ပတ်ဝန်းကျင်နှင့် ကိုက်ညီမှု ရှိအောင် ကူညီပေးပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ ဘက်မလိုက်ဝါဒ ဖြစ်ပါသည်။ နိုင်ငံခြားရေးမူဝါဒအတွင် ပါတီ၏ စဉ်းစားချက်များတွင် တရုတ်၏ ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်း စီမံကိန်း၊ ထိုင်းနှင့် ရှမ်းရွှေ့ပြောင်းသွားလာသူများအရေးတို့ ဖြစ်ပါသည်။ ရှမ်းလူမျိုးများ အလုပ်ကြောင့် ရွှေ့ပြောင်းသွားလာရသူများကိုလည်း ပါတီသည် မေ့လျော့မထားပါ။ ထိုင်းနိုင်ငံရောက် ရှမ်းအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆွေးနွေးနေပါသည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူလူထုသည် လယ်သိမ်းပြဿနာများနှင့် သဘာဝပတ်ဝန်းကျင်းဆိုင်ရာ ပြဿနာများကို လက်တွေ့ကြုံနေရပါသည်။ တရုတ်သမ္မတ ရှီကျင်းပင် လာရောက်လည်ပတ်ပြီး လက်မှတ်ပေါင်း ၃၃ခု ရေးထိုးသွားသည်ဟု သိရပါသည်။ ရှမ်းပြည်နယ်အစိုးရသည် စီမံကိန်းများအကြောင်း အနည်းနှင့်အများ ဆိုသလို အောက်ခြေပြည်သူလူထုကို ရှင်းပြရပါမည်။ အဆိုပါအခြေအနေမျိုးအတွက် ပါတီက ရွေးကောက်ပွဲကတိကဝတ် ပြင်ဆင်ထားပါသည်။
- စီမံကိန်းများ ရှိလာပါက ရှမ်းပြည်နယ်အစိုးရကလည်း သိရမည်။ ရှမ်းပြည်နယ်အစိုးရသည် အောက်ခြေလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုရပါမည်။ အားလုံးလွှမ်းခြုံပါဝင်သော ဖြစ်စဉ် ဖြစ်ရပါမည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ခြေအား လေ့လာဆန်းစစ်ရပါမည်။ အထက်ပါအဆင့်များ လုပ်ဆောင်ချက်များ မလုပ်လျှင် အစိုးရသည် အာဏာအလွဲသုံးစားလုပ်သော အစိုးရ ဖြစ်ပါသည်။

**အခြား**

- မဲပေးသော ပြည်သူလူထုများအတွက် မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင် ရှမ်းစာသာ တတ်မြောက်ကြပါသည်။ ယင်းသည်လည်း အခက်အခဲတစ်ခု ဖြစ်ပါသည်။

- အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲမည်ဆိုလျှင် ပြည်သူလူထုက အမှန် နားလည်ပြီလား ဆိုသည်ကို စဉ်းစားရန် လိုအပ်ပါသည်။ ၂၀၁၄ သန်းခေါင်စာရင်းကဲ့သို့ စစ်တမ်းကောက်ကြည့်ပါဟု အကြံပြုချင်ပါသည်။

## ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ

### နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ဖွဲ့စည်းပုံအခြေခံဥပဒေကို စ လယ် ဆုံး အားလုံး ပြင်ဆင်ရန် ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် ဤဖွဲ့စည်းပုံသည် ဖျက်သိမ်းရမည် ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်၍ရလျှင် ပြင်မည်ဖြစ်ပြီး ပြင်၍မရပါက အသစ်ရေးဆွဲပါမည်။

- ဤဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်းထက် အသစ်ရေးဆွဲခြင်းက ပိုလက်တွေ့ကျသည်ဟု ပါတီက မြင်ပါသည်။ ပါတီဝင်များသည် အစိုးရအဖွဲ့ဝင်ဖြစ်ခဲ့လျှင် လွှတ်တော်ထဲသို့ ရောက်ခဲ့လျှင် အခြေခံဥပဒေ အသစ် ပြန်ရေးရန် ကြိုးစားလုပ်ဆောင်ပါမည်။

- ငြိမ်းချမ်းရေးအား တစ်ဖက်မှ တည်ဆောက်ပြီး တစ်ဖက်တွင် စစ်တပ်၏ အခန်းကဏ္ဍကို လျော့ချပါမည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေသော ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လျှင် စစ်တပ်သည် ဖယ်ဒရယ်စစ်တပ် တစ်တပ်တည်းသာ ကျန်ရှိပါမည်။ စစ်တိုက်စရာ အကြောင်းလည်း မရှိ၊ စစ်ပွဲများလည်း မရှိနိုင်တော့ပါ။

- အစိုးရများ ဖောက်ပြန်လျှင် တိုင်းပြည်နစ်နာမည် ဖြစ်သဖြင့် အစိုးရကို ထိန်းချုပ်နိုင်သော စာချုပ်များ၊ ယန္တရားများအား တည်ဆောက်ထားမှ ဖြစ်ပါမည်။ ထို့ကြောင့် Rome Statue အား လက်မှတ်ထိုးရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅သည် အရင်တုန်းက လုပ်ခဲ့သည်များကို အရေးပြန်လည်မယူပါဟု အကာအကွယ် ယူထားပါသည်။ အစိုးရများ လုပ်ချင်တိုင်းလုပ်ပြီး ဆင်းသွားသော် မည်သူတာဝန်ယူရပါမည်နည်း။

- အစိုးရတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲမည်ဆိုလျှင် အစိုးရတစ်ရပ်ကို ထိန်းချုပ်နိုင်မည့် ကိရိယာများ လိုအပ်ပါသည်။ တိုင်းပြည်နှင့် ပြည်သူလူထုမျက်နှာကိုပဲ ကြည့်ရပါမည်။ နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ထားသော အစိုးရတစ်ရပ် ရှိလာမဉ်ဆိုရင် အဆိုပါအစိုးရအား ပြည်သူလူထုသည် ၎င်းတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်ထားသည်ဆိုသည့် အကြောင်းအရင်းဖြင့် လျှော်ပစ်တော့မည်လော။

### ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပင်လုံကတိကဝတ်များ၊ ပင်လုံသဘောတရားများနှင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံစာချုပ်အရ ဖက်ဒရယ်နိုင်ငံတော် တည်ထောင်ရန်။

- ဒီမိုကရေစီ၊ အမျိုးသားတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ အပြည့်အဝခံစားနိုင်မည့် ဖက်ဒရယ်နိုင်ငံတော် ထူထောင်ရန်။

- နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ ချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်မှုကို အခြေခံကာ တိုင်းရင်းသားများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန် ရည်ရွယ်ပါသည်။

- တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ကာကွယ်စောင့်ရှောက်မည်။

- ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အတူတကွ တည်ဆောက်ပြီး အာဏာရှင်စနစ်နှင့် လူမျိုးကြီးဝါဒ ပြတ်သုန်း၍ ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို တည်ဆောက်မည်။

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ဘက်ဂျက်ပိုင်းတွင် အစိုးရအခန်းကဏ္ဍမည်မျှ၊ လွှတ်တော်အခန်းကဏ္ဍမည်မျှ ရှိပြီး ဖြစ်ပါသည်။ အစိုးရသည် သုံးစွဲသမျှကို လွှတ်တော်ကို အစီရင်ခံရပါမည်။

- ဘက်ဂျက်သည် ငွေဖြစ်ခြင်းကြောင့် အဂတိရှိပါသည်။ ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်း ပြောရမည့်ကိစ္စ ဖြစ်ပါသည်။

- လွှတ်တော်နှင့် အစိုးရသည် ပွင့်လင်းမြင်သာမှု ရှိရပါမည်။ စာရင်းစစ်ချုပ်အစီရင်ခံစာ ပြည်သူလူထု မသိရခြင်းသည် မှန်ကန်သော ကိစ္စ မဟုတ်ပါ။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- စီပွားရေးတွင် လွတ်လပ်သော ဗဟိုချုပ်ကိုင်မှု အနည်းဆုံးဖြစ်မည့် စီးပွားရေးစနစ်မျိုးကို ပါတီက ရည်မှန်းပါသည်။ နိုင်ငံ၏ စီးပွားရေးအား လူတစ်ခုလက်ဝယ် ထားရှိသည့် စီးပွားရေးမျိုး မဖြစ်စေချင်ပါ။ တိုင်းပြည်အစိုးရ ချုပ်ကိုင်မှုများသော စီးပွားရေးသည် ဟန်ချက်ညီမည် မဟုတ်ပါ။ အဂတိကင်းသော လုပ်ငန်းများနှင့် အဂတိကင်းသော စီးပွားရေးစနစ်မျိုးကိုသာ ပါတီက လိုလားပါသည်။

- အစိုးရပါဝင်မှုအနည်းဆုံးထားမည့် စီးပွားရေးစနစ်ဟု ဆိုသော်လည်း စည်းမျဉ်း စည်းကမ်းများကို လုပ်ငန်းများက လိုက်နာရပါမည်။

- ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်မှာ အလွန်အားနည်းပါသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှာလည်း ပြောပလောက်အောင် မရှိပါ။

- နိုင်ငံတကာကို တင်ပို့သည့် ပို့ကုန်များတွင် အများဆုံး ပါဝင်နေသည်မှာ နောက်မျိုးဆက်အတွက် ချန်ထားရမည့် သဘာဝသယံဇာတများ ဖြစ်နေပါသည်။ ပို့ကုန်အရေအတွက်ရော အရည်အသွေးရော မြှင့်တင်ရေးကို ဆောင်ရွက်ရမည်ဟု ပါတီက ရည်ရွယ်ပါသည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ကဏ္ဍအသီးသီးတွင် လက်ရှိ အကောင်အထည်ဖော်နေသော မူဝါဒများ ရှိပါသည်။ ပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒ စသည်ဖြင့် ရှိပါသည်။ အဆိုပါမူဝါဒများကို ပြန်လည် သုံးသပ်ပြင်ဆင်ရပါမည်။ လက်ရှိ အမျိုးသားဥပဒေသည် လက်ပံတန်းအရေးအခင်း ဖြစ်သည့်အထိ အငြင်းပွားမှုများ ရှိခဲ့သည့် ဥပဒေ ဖြစ်ပါသည်။ အဆိုပါဥပဒေကို အစိုးရက ဆက်လက် ဆောင်ရွက်နေပါသည်။

- လက်ရှိနိုင်ငံတကာတွင် အောင်မြင်နေသော နိုင်ငံများကို လေ့လာပြီး ပြန်လည်သုံးသပ်ရပါမည်။ ပါတီသည် ဖောက်ထွက်တွေးခေါ်ပုံအား အားပေးပါသည်။ ပညာရေးတွင် အစိုးရ ဝင်ရောက်စွက်ဖက်မှုမျိုးကို ပါတီက မလိုလားပါ။ တက္ကသိုလ်ကျောင်းသားများအတွက် လွတ်လပ်သော ပညာရေးကို ပါတီက ရရှိစေချင်ပါသည်။ လွတ်လပ်သော ပညာရေးစနစ်တွင် လွတ်လပ်သော ကျောင်းသားများ၊ လွတ်လွတ်လပ်လပ် ပညာသင်ကြားသည့် တက္ကသိုလ်ဆရာ/ဆရာမများ၊ လွတ်လပ်စွာ ဖွဲ့စည်းထားသော သမဂ္ဂများ ရှိရပါမည်။ သင်ရိုးညွှန်းတမ်း ဆိုလျှင်

တက္ကသိုလ်ပါမောက္ခများ၊ ဆရာများ၊ မိဘများ ညှိနှိုင်းဆောင်ရွက်ခြင်းမျိုးဖြင့် လုံလောက်ပါသည်။ အစိုးရသည် မူဝါဒများနှင့် ဆန္ဒများကို ပညာရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ပါတီက မလိုလားပါ။

- လူငယ်များ၏ အခန်းကဏ္ဍမှာ အလွန်ကြီးမားကျယ်ပြန့်ပါသည်။ လူငယ်များအတွက် ဘဝ အာမခံချက်ရှိသော အခြေအနေမျိုး ဖြစ်စေရန် ဖန်တီးပေးရပါမည်။ လက်ရှိ နိုင်ငံတွင် လူငယ်များအတွက် ဖန်တီးပေးထားသော ယန္တရားများ လုပ်ငန်းစဉ်များ မရှိသေးပါ။ လူငယ်များ၏ တီထွင်ဖန်တီးနိုင်မှုကို အားပေးသော အခြေအနေမျိုးအား ဖန်တီးပေးရပါမည်။ လူငယ်များအတွက် မူးယစ်ဆေးဝါးကဲ့သို့ အဆိပ်အတောက်ဖြစ်စေသော အရာများကိုမူ ထိန်းချုပ်ရပေမည်။

- အစိုးရ၏ ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချရပါမည်။ အစိုးရ၏ ပထမဦးစားပေးသည် ပညာရေးနှင့် ကျန်းမာရေးသာ ဖြစ်သင့်ပြီး ပညာရေးနှင့် ကျန်းမာရေးတွင် အစိုးရအသုံးစရိတ်စုစုပေါင်း၏ အနည်းဆုံး ၂၀ရာခိုင်နှုန်းစီ သုံးသင့်ပါသည်။ ပညာရေးတွင် ၂၀ရာခိုင်နှုန်းမှ မသုံးဘဲ ပညာရေး အပြောင်းအလဲ မဖြစ်နိုင်ပါ။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ အစကတည်းက ဘက်မလိုက်ဝါဒ ဖြစ်ပါသည်။ ဤဝါဒအား အခြေခံလျက် ဂုဏ်သိက္ခာရှိပြီး လေးစားအပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်စေရန် ကြိုးစားရပါမည်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သောနိုင်ငံ၊ နိုင်ငံတကာဥပဒေများအား လေးစားလိုက်နာသော နိုင်ငံဖြစ်ပါမှ ဂုဏ်သိက္ခာရှိသော နိုင်ငံ ဖြစ်ပေမည်။ ပြုပြင်ပြောင်းလဲရန် ကတိကဝတ်ပြုခြင်း၊ စာချုပ်များတွင် လက်မှတ်ရေးထိုးခြင်း အပါအဝင် ကျော်ဖြတ်ရမည့် ဖြစ်စဉ်အဆင့် များစွာ ရှိပါသည်။

- ပါတီအနေနှင့် Rome Statute နှင့် ICCPR ကို လက်မှတ်ရေးထိုးစေချင်ပါသည်။ Rome Statute တွင် လက်မှတ်ရေးထိုးထားပါက သူ့ဖြစ်စဉ်နှင့်သူ စနစ်တကျ ဖြစ်သွားပါမည်။ အစိုးရက ဥပဒေချိုးဖောက်ပါက အစိုးရ တာဝန်ခံရပါမည်။ ပါတီကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝင်ဖြစ်ခဲ့လျှင် ပြည်သူလူထုကို အကာအကွယ်ပေးမည့် စာချုပ်မှန်သမျှ လက်မှတ်ရေးထိုးပါမည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ၂၀၁၂ လယ်ယာမြေဥပဒေတွင် ချို့ယွင်းချက်များ အားနည်းချက်များ ရှိနေပါသည်။ အခြေခံရေးထားသော ဥပဒေက စတင်ပြင်ဆင်ပြီးသောအခါမှ လက်ရှိအခြေအနေနှင့် စပ်ဟပ်၍ ရပါမည်။

ကနဦးအစီရင်ခံစာအတွက် အချက်အလက်ကောက်ယူမှုကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှစတင်ခဲ့ပြီး အောက်ဖော်ပြပါ ပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များမှာ ဆွေးနွေးမှုဖြစ်စဉ်တွင်သာ ရှိနေသေးသည့်အတွက် ယခုလေ့လာမှုတွင် ထည့်သွင်းသုံးသပ်နိုင်ခြင်းမရှိပါ၊ နောက်ဆုံးအစီရင်ခံစာတွင်သာ ထည့်တွက်စဉ်းစားနိုင်မည် ဖြစ်ပါသည်။

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

အစည်းအဝေးဆုံးဖြတ်ချက် မရှိသေးပါ။

## ကချင်ပြည်နယ်ပြည်သူ့ပါတီ

ပြည်သူများအား ပေးအပ်ရန်ရှိသည့် ရွေးကောက်ပွဲကတိကဝတ်များကို ပါတီညီလာခံနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းနေဆဲ ဖြစ်ပါသည်။ ရွေးကောက်ပွဲ အချိန်ကျပါက ပါတီက ကတိကဝတ်များအား ထုတ်ပြန်မည်ဖြစ်ပြီး Final report တွင် ထည့်သွင်းဖော်ပြပါမည်။

## ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ

ဗဟိုကော်မတီအစည်းအဝေးထုတ်ပြန်ချက် မလုပ်ရသေးပါ။ (ဗဟိုကော်မတီအစည်းအဝေးကို မတ်လမှာ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးပြီးမှ ထုတ်ပြန်နိုင်မည် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ချင်းစီထုတ်ပြန်၍ မရပါ။)

## ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

ဆက်သွယ်မေးမြန်း၍ မရသောကြောင့် ဖော်ပြနိုင်ခြင်းမရှိပါ။

## တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ

ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးမကျင်းပရသေးသဖြင့် အသေးစိတ်မထုတ်ပြန်နိုင်ခြင်းမရှိပါ။ ပါတီမူဝါဒအပေါ်အခြေခံ၍ ရွေးကောက်ပွဲကတိကဝတ်များချမှတ်သွားမည်။

ပါတီမူဝါဒ - ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများတန်းတူအခွင့်အရေးရရှိရေး၊ ရှမ်းနီအမည်မှန်ပေါ်ပေါက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။

## “ဝ” အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ

၂၀၂၀ ရွေးကောက်ပွဲတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပါသည်။ သို့သော် လက်ရှိတွင် “ဝ” အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ “Wa” National Unity Party (WNUP)၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ ‘Wa’ Democratic Party နှင့် ‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီ ‘Wa’ Liberal Democratic Development (‘Wa’ Liberal Party)၊ (၃)ပါတီပေါင်းစည်းနေသဖြင့် ပါတီဘုံသဘောတူညီချက် မထုတ်ပြန်နိုင်သေးပါ။